# စကားကြီးဆယ်မျိုး

စာရေးသူ - မော်ပီဆရာသိန်း

ရည်ရွယ်ချက် -

လူ့လောကအတွင်းတွေ့ကြုံပြောဆိုရာတွင်အရေးပါသည့်စကားကြီး ဆယ်မျိုးကိုသိရှိစေရန်နှင့်စာပေဆိုင်ရာမြန်မာမှုဆိုင်ရာ၊ဘာသာရပ်ဆိုင်ရာဗဟုသုတများရရှိစေရန်

ကောက်နုတ်ချက် - မြန်မာစွယ်စုံကျမ်းအတွဲ(၃)

ဆိုလိုရင်း - စကားကြီးဆယ်မျိုးစကားပြေကိုလေ့လာရခြင်းဖြင့် လူ့လောကအတွင်း ပေါင်းသင်းဆက်ဆံရေးနယ်ပယ်အတွက်သာမကစာပေဆိုင်ရာ၊မြန်မာမှုဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာဗဟုသုတများစွာအတွက်အထောက်အကူပြုသည်။

စာကိုယ် - (၁) ရေကူးညာတင်ပြောနည်း

- မြစ်တစ်ဖက်ကမ်းမှလိုရာဆိပ်ကမ်းသို့ကူးရာတွင်မြစ်ဘာမှတင်၍ ကူးမှလိုရာ ရောက်အောင် အထက်ကတင်ကူးပြောခြင်း။

သာဓက - သမားတော်ဇီဝက၊ အူထုံးသူဌေးသား

- (၂) ကောက်ပင်ရိတ်လှီးပြောနည်း

- စပါးရိတ်ရာတွင် ကောက်ပင်ကိုလက်တစ်ဖက်မှဆုတ်ကိုင်ပြီး အရင်းမှဖြတ်ခြင်း ကဲ့သို့တစ်ဖက်လူစကားကိုသိမ်းကျုံးဖမ်းယူကာအနိုင်ပိုင်းဖြတ်ပြောခြင်း။

သာဓက - ဗျိုင်း ၊ရွှေ

- (၃) ရေစီးဖောင်ဆန်ပြောနည်း

- ဖောင်ကြီးအညာဆန်တက်ပြီး လိုသမျှတင်ဆောင်ပြီးသာယာစွာဆန်လျှင်လိုရာ အရပ်ရောက်သကဲ့သို့ စကားအရာတွင်လည်းဥပမာ၊ဥပမေယျတို့ဖြင့် ဖြည်းညင်း သာယာစွာပြောခြင်း။

သာဓက - စာသဝဏ်တွင်အဆွေတော်

- (၄) <u>အိုးတန်ဆန်ခပ်ပြောနည်း</u>

- အိုးနှင့်ဆန်တန်ရုံချက်လျှင်နူးနပ်စွာစားရသကဲ့သို့စကားအရာတွင်လည်း မယုတ်မလွန်လိုရင်းရောက်အောင်ပြောခြင်း

သာဓက - သုဝဏ္ဏသာမ- မြားဆိပ်သင့်

- (၅) <u>ဆီပွတ်ကျည်ပွေ့ပြောနည်း</u>

- ဆီရအောင်အထပ်ထပ်ပွတ်ရသကဲ့သို့အလိုရှိသောစကားကိုအထပ်ထပ် ပြောဆိုရခြင်း။

သာဓက - ဘုရားပိန္နဲတိုင် မန်ကျည်းနှစ် /ကျွန်းသား

- (၆) <u>ဆင်ဝှေ့ရန်ရှောင်ပြောနည်း</u>

- ဆင်ဝှေ့လျှင်လွတ်ရာရှောင်တိမ်းမှချမ်းသာသကဲ့သို့ စကားပြောရာတွင်လည်း မိမိဘေးရောက်မည့်စကားကိုရှောင်လွဲပြောဆိုခြင်း။

သာဓက - အိမ်ရှေ့မင်း - ကျောင်းဆောက်ကျောင်းတိုင်ယက်မအောင်ခြေထိရွှေချ

- (၇) <u>တောင်သူယာခုတ်ပြောနည်း</u>
- ယာခုတ်လျှင်ခြုံနွယ်သစ်ပင်ငယ်တို့ဦးစွာရှင်းလင်းပြီးမှသစ်ပင်ကြီးလှဲသကဲ့သို့စကားအရာတွင်လည်းစကားငယ်ကို ဦးစွာပြောပြီး စကားကြီးများဖိပြောအနိုင်ယူခြင်း။

သာဓက - ဝိဒေဟရာဇ်မင်းကြီး၏သိန်းအမတ်နှင့် မဟောသဓာပညာရှိသုခမိန်ပညာနှင့်ဥစ္စာမည်သည်ကမြတ်ကြောင်းပြောဆိုငြင်းခုံပြီးနောက်သဗ္ဗညုတဉာဏ်တော်ရဘုရားရှင်မြတ်

- (၈) <u>ကြက်ဆုတ်ခွပ်ပစ်ပြောနည်း</u>
- ကြက်တို့သည်မခွပ်ခင်နောက်ဆုတ်ဟန်ပြုပြီးမှစီး၍ ခွပ်သကဲ့သို့စကားပြောရာတွင်လည်းသူ့အလိုလိုက်တန်သရွေ့လိုက်ပြီးမှစီး၍ပြောခြင်း

သာဓက- ဦးပေါ်ဦး ၊ ငရွှေကြည်

- (၉) <u>ရေစစ်ကရားရေသွားသောသွင်းပြောနည်း</u>
- ရေစစ်ကရားကို အပေါက်မှလက်နှင့်ပိတ်ထားပါက ရေမထွက်နိုင်သကဲ့သို့သူ့စကားကိုပိတ်မိအောင်ပြောခြင်း။

သာဓက- လူငယ်(၄)ဦးနှင့် အဘိုးအိုယုံတမ်းစကားပြေဆိုပုံ

- (၁၀) <u>ခက်တင်မောင်းနှင်းပြောနည်း</u>

- သူ့စကားကိုဟုတ်မဟုတ်အတိအကျမဆိုဘဲမတင်မကျပြောခြင်း။

သာဓက- တောင်ဖီလာဆရာတော်နှင့်လူဆိုး

နိဂုံး - စာများနားလည်လွယ်

- ငါးရာ့ငါးဆယ်ဇာတ်တော်ဥပမာပြု

- လူ့ဘောင်ပေါင်းသင်းဆက်ဆံရေးသိရှိရ

- မြန်မာ့ဓလေ့၊ မြန်မာမှုဆိုင်ရာဗဟုသုတများရရှိ